# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 18 , 2023 | Volume 62, Number 12


## လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၁၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၅၂၄၁၃၆၄ ဒသမ ၈၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၃၁၁၆၉ ကန်ဒေါ်လာတင်သွင်းမှု ရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ နှမ်းဖြူ၊ ကြံ၊ ဆန်၊ ပဲနီကြား၊ ပဲယင်း၊ ဝါး၊ Aluminium Ingot၊ ငရုတ်သီး၊ ရွှေဖရုံသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၆၀၉၃၆၀ ဒသမ ၆၈ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၆၃၂၀၀၄ ဒသမ ၂၁ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ လယ်ထွန်စက်များ၊ ဓါတ်မြေဩဇာများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတု၊ Empty Cargo Container 45’ Feetနှင့် ဂေါ်ပြားများ တင်သွင်းမှုရှိခဲ့ပါသည်။

ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၅၇၈၇၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၇၃၂၉၄ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုညဒသမ ၃၂၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၁၀ ဒသမ ၅၆ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဗဟိုဌာန**

## ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် (၉) လတာ ကာလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁.၆၃၉ သန်းကျော် တင်ပို့နိုင်ပြီး ကန်ဒေါ်လာ သန်း ၆၀၀ ရရှိခဲ့

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၉) လတာ ကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် ၁.၆၃၉ သန်းကျော် တင်ပို့ထားပြီး ပို့ကုန်ရငွေအနေဖြင့် အမေရိကန်ဒေါ်လာ သန်း (၆၀၀) ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကသိရသည်။

### ၁၈.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၆.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အဆိုပါ ဆန်တင်ပို့မှုစာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ပိုလန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်၊ ဘယ်ဂျီယံ၊ ယူကေ၊ စပိန်၊ ပိုလန် စသည့် နိုင်ငံအသီးသီးသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

(၉) လတာ ကာလအတွင်း ပြည်ပသို့ ဆန်ကုမ္ပဏီ (၄၂) ခုမှ ပင်လယ်ရေကြောင်းမှတဆင့် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ၂၄၆ သန်းတင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် တင်ပို့မှုမှာ တန်ချိန် ၃၆၉၁၆၂ တန် တင်ပို့ခဲ့ကြောင်းသိရသည်။

နိုင်ငံအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် တရုတ်နိုင်ငံမှ ထိပ်ဆုံးတွင်ရပ်တည်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်က တရုတ်နိုင်ငံ၏နောက်မှလိုက်ကာ မြန်မာ့ဆန်နှင့်ဆန်ကွဲ ဝယ်ယူမှုအမြင့်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

လအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုအရ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၅၀၉၄၇ တန်တင်ပို့ခဲ့ပြီး ကုန်သွယ်မှုဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၈၂) သန်း၊ မေလတွင် တန်ချိန် ၁၅၃၅၀၇ တန် တင်ပို့ခဲ့ပြီး ကုန်သွယ်မှုရငွေမှာ အမေရိကန်ဒေါ်လာ ၅၁ သန်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ ဇွန်လတွင် တန်ချိန် ၁၄၆၀၉၄ တန်တင်ပို့ပြီး ဝင်ငွေအနေဖြင့် ကန်ဒေါ်လာ သန်း ၅၀ ၊ ဇူလိုင်လတွင် တန်ချိန် ၁၈၂၅၅၀ နှင့် ဝင်ငွေကန်ဒေါ်လာ ၆၆ သန်း၊ ဩဂုတ်လတွင် ၁၅၆၉၉၃ တန်နှင့် ဝင်ငွေကန်ဒေါ်လာ ၅၃ သန်း၊ စက်တင်ဘာလတွင် ၉၃၇၉၁ ဒသမ ၇ တန်နှင့် ရငွေ ကန်ဒေါ်လာ ၃၇ သန်း ရရှိခဲ့ကြောင်းသိရသည်။ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၆၅၅၆၇၁ ဒသမ ၃ တန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၂၃၁ သန်း ရရှိခဲ့ကြောင်းသိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒီဇင်ဘာလတွင် ကုမ္ပဏီ (၄၂) ခုမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု ၂၂၈၄၄၅ တန်ဖြစ်ပြီး ဆန်တန်ချိန်အနေဖြင့် ၁၄၈၁၂၇ တန်နှင့် ဆန်ကွဲတန်ချိန်အနေဖြင့် ၈၀၃၁၈ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

အဆိုပါတင်ပို့မှုများတွင် ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့မှုအနေဖြင့် ၁၇၄၉၆၀ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် တင်ပို့မှုမှာ ၅၃၄၈၅ တန်နှင့် ကုန်သွယ်မှုရငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၉၀ ရရှိခဲ့ကြောင်းလည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စာရင်းဇယားများအရ သိရသည်။

**Source:** https://www.popularmyanmar.com/?p=99328

## ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် နာဂတိုင်းရင်းသား ပန်းပုရုပ်များဝင်လာ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် နာဂတိုင်းရင်းသားပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရွှေယမင်း မြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍သိရသည်။

အဆိုပါ နာဂတိုင်းရင်းသား ဦးခေါင်းပိုင်းပန်းပုရုပ်များသည် ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်းသိရသည်။

“ဒီဇန်နဝါရီလမှာပဲ ရင်းတိုက်သားနဲ့ထုလုပ်ထားတဲ့ နာဂတိုင်းရင်းသား ဦးခေါင်းပိုင်းပန်းပုရုပ်တွေ ဈေးကွက်ထဲဝင်လာပါတယ်။ ဒီလိုမျိုးပန်းပုရုပ်တွေက ပြည်တွင်းက ဝယ်လိုအားသိပ်မရှိပါဘူး။ ပြည်ပက လာတဲ့သူတွေပဲ အမှတ်တရအနေနဲ့ဝယ်ယူကြတာများပါတယ်။ ဒါ့ကြောင့် နိုင်ငံခြားသားအကြိုက် ပန်းပုရုပ်တွေ ဈေးကွက်ထဲကို ပြန်ဝင်လာတာဖြစ်ပါတယ်” ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

အဆိုပါ ပန်းပုရပ်မှာ အမြင့် ၁၄ လက်မ၊ အလျားရှစ်လက်မ၊ ဒု လေးလက်မအရွယ်အစားရှိပြီး ဈေးနှုန်းမှာ ငွေကျပ် ၃၅၀၀၀ ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းသို့ ပန်းပုရုပ်အရေအတွက် ၁၀၀ ခန့်ဝင်ရောက်ထားကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆန်အမျိုးအစားအားလုံးနီးပါး ဈေးတက်

ရန်ကုန်၊ ဝါးတန်းဆန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဆန်အမျိုးအစားအားလုံးနီးပါး ဈေးတက်လာပါတယ်။ ဒီတစ်ပတ်ဈေးအဖွင့် (၁၆.၁.၂၀၂၃ တနင်္လာနေ့) ကတည်းက အမြင့်ဈေးနဲ့ဖွင့်လာတာဖြစ်ပြီး ဒီနေ့လည်း မနေ့က (၁၆.၁.၂၀၂၃) ဈေးတွေအတိုင်းပဲ ဆက်ရှိနေတာဖြစ်ပါတယ်။

ဧည့်မထဆန်(သစ်)နဲ့ ငစိန်ဆန်(သစ်) တွေကတော့ ပြီးခဲ့တဲ့အပတ်ဈေးတွေအတိုင်းပဲ ဆက်ရှိနေပြီး ကျန်ဆန်တွေထဲမှာတော့ ဖျာပုံဆန်တွေကလွဲရင် အားလုံးဈေးတွေ တက်လာတာဖြစ်ပါတယ်။

တောင်ပျံ (ဖျာပုံ-သစ်) နဲ့ ပေါ်ကျွဲ (ဖျာပုံ-သစ်)တွေကတော့ ဈေးအနည်းငယ်စီ ကျဆင်းသွားတာတွေ့ရပါတယ်။ ဘယ်လောက်အထိ ဈေးတွေအတက်အကျဖြစ်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ ကြည့်ရှုနိုင်ပါတယ်(တစ်တင်းခွဲ တစ်အိတ် ဈေးနှုန်းတွေဖြစ်ပါတယ်) –

| စဉ် | အမျိုးအစား | ဈေးကွက် | ၁၃.၁.၂၀၂၃ | ၁၇.၁.၂၀၂၃ |
|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၇၀၀၀ မှ ၆၀၀၀၀ | ၆၁၀၀၀ မှ ၆၃၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၇၀၀၀ မှ ၆၀၀၀၀ | ၆၀၀၀၀ မှ ၆၃၀၀၀ |
| ၃ | ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၈၀၀၀ မှ ၆၂၀၀၀ | ၆၀၀၀၀ မှ ၆၅၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၅၀၀၀ မှ ၅၇၀၀၀ | ၅၉၀၀၀ မှ ၆၁၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၂၅၀၀ မှ ၄၄၀၀၀ | ၄၂၅၀၀ မှ ၄၄၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၂၅၀၀ မှ ၄၃၅၀၀ | ၄၂၀၀၀ မှ ၄၃၅၀၀ |
| ၇ | ဆန်(မြိုင်ဦး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၄၀၀၀ မှ ၄၆၀၀၀ | ၄၈၀၀၀ မှ ၅၀၀၀၀ |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၆၆၀၀၀ မှ ၇၂၀၀၀ | ၇၀၀၀၀ မှ ၈၀၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၁၅၀၀ မှ ၄၂၅၀၀ | ၄၂၅၀၀ မှ ၄၃၅၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၄၅၀၀ မှ ၄၅၅၀၀ | ၄၅၅၀၀ မှ ၄၇၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(ဟောင်း) | ဝါးတန်း(ရန်ကုန်) | ၄၇၀၀၀ မှ ၄၈၀၀၀ | ၄၈၀၀၀ မှ ၄၈၅၀၀ |
| ၁၂ | ကြားပျံ့ရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၀၀၀၀ မှ ၆၂၀၀၀ | ၆၃၀၀၀ မှ ၆၇၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၅၀၀၀ မှ ၆၀၀၀၀ | ၅၉၀၀၀ မှ ၆၄၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၀၀၀၀ မှ ၇၅၀၀၀ | ၆၅၀၀၀ မှ ၇၀၀၀၀ |
| ၁၅ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၂၀၀၀ မှ ၅၄၀၀၀ | ၄၈၀၀၀ မှ ၅၀၀၀၀ |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၇၀၀၀ မှ ၆၀၀၀၀ | ၆၀၀၀၀ မှ ၆၃၀၀၀ |
| ၁၇ | ပေါ်ကျွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၄၇၀၀၀ မှ ၅၀၀၀၀ | ၄၇၀၀၀ မှ ၅၀၀၀၀ |

https://greenwaymyanmar.com

နယ်စပ်စခန်းတွေပြန်ဖွင့်လာတာကြောင့် ဆန်တင်ပို့မှုတွေ ပိုမြင့်တက်လာနိုင်ပြီး ဈေးထပ်တက်နိုင်ဦးမယ်လို့ ဆန်ကုန်သည်တွေက ခန့်မှန်းထားကြောင်း ပြီးခဲ့တဲ့အပတ် ဈေးကွက်သုံးသပ်ချက်မှာ AMIA က ပြောထားတာရှိပါတယ်။ (လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Market_Prices_increase

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နှစ်ရှည်သီးနှံ ဥယျာဉ်ခြံ ဧက ၅၀၀ ကျော် ခူးဆွတ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်နှင့်မြို့နယ်ခွဲများတွင် နှစ်ရှည်သီးနှံစုံ ၇၃၁ ဧက စိုက်ပျိုးထားသည့်အနက် ယခုလက်ရှိတွင် ၅၀၈ ဧက သီးနှံများထုတ်လုပ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အလိုက် သီးနှံထုတ်လုပ်မှုအနေဖြင့် လေရှီးမြို့နယ်အတွင်း ဧက ၂၄၀၊ လဟယ်မြို့နယ်အတွင်း ၅၅ ဧက၊ ထန်ပါခွေမြို့နယ်ခွဲအတွင်း ၁၅ ဧက၊ နန်းယွန်းမြို့နယ်အတွင်း ၉၁ ဧက၊ ဒုံဟီးမြို့နယ်ခွဲအတွင်း ၆၅ ဧက၊ ပန်ဆောင်

မြို့နယ်ခွဲအတွင်း ၄၂ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ "တောင်သူတွေ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထွက်နှုန်းကောင်းနဲ့ အရည်အသွေးကောင်းမွန်တဲ့ နှစ်ရှည်သီးနှံ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်အသုံးပြုစေရေးနဲ့ လိုက်ပါစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေဖြန့်ဝေပေးဖို့ စံပြစိုက်ကွက်တွင် ဖော်ဆောင်ပြသ အသိပညာပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးကပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း သစ်သီးဥယျာဉ်ခြံ ဧက ၂၀၀ နှင့် ခြံဥယျာဉ် ဧက ၄၀ အားလည်းကောင်း၊ လဟယ်မြို့နယ်အတွင်း သစ်သီးဥယျာဉ်ခြံ ၅၅ ဧကအားလည်းကောင်း၊ ထန်ပါခွေမြို့နယ်ခွဲအတွင်း ခြံဥယျာဉ် ၁၅ ဧကအားလည်းကောင်း၊ နန်းယွန်းမြို့နယ်အတွင်း သစ်သီးဥယျာဉ်ခြံ ၁၉ ဧကနှင့် ခြံဥယျာဉ် ၇၂ ဧကအားလည်းကောင်း၊ ဒုံဟီးမြို့နယ်ခွဲအတွင်း ခြံဥယျာဉ် ၆၅ ဧကအားလည်းကောင်း၊ ပန်ဆောင်မြို့နယ်ခွဲအတွင်း သစ်သီးဥယျာဉ်ခြံ ၃၈ ဧကနှင့် ခြံဥယျာဉ် လေးဧကအားလည်းကောင်း သီးနှံများထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်နှင့်မြို့နယ်ခွဲများတွင် လိမ္မော်သီး၊ ဂရိတ်ဖရု၊ တညင်း၊ မျောက်ငို၊ ကော်ဖီစသော သစ်သီးဥယျာဉ် ၃၄၅ ဧကနှင့် အာလာဂျီ လက်ဖက်၊ ချဉ်ပေါင်ဖာလာစသည့် ခြံဥယျာဉ် ၃၈၆ ဧက စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source:** https://www.myawady.net.mm/node/35570

## ဘိုကလေးမြို့နယ်မှ ခုံးများ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ဒေသထွက် ပင်လယ်ခုံးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်လျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၅၀ မှ ၁၂၀ ထိဝယ်ယူမှု အားကောင်းနေသဖြင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်းသိရသည်။

"ဘိုကလေးမြို့နယ်မှာ ပင်လယ်စာခုံးတွေကို ဒေသခံရေလုပ်သားတွေက သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိတာဖြစ်ပါတယ်။ ပင်လယ်စာခုံးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အရင်နှစ်တွေက အရောင်းအဝယ်မဖြစ်ခဲ့လို့ ရှာဖွေသူတွေရော၊ ကုန်သည်တွေပါ အခက်တွေ့ခဲ့ရတာပါ။ ဒီနှစ် ခုံးဝယ်ယူမှုအားကောင်းလာတော့ ရေလုပ်သားတွေရော၊ ကုန်သည်တွေပါ အဆင်ပြေလာပါတယ်။ ဒီနှစ် ဈေးကလဲမဆိုးပါဘူး။ လက်ရှိ ဒီဘက်ကနေ ထွက်ကုန်နဲ့ ရန်ကုန်ဘက်ကနေ ဝယ်ယူအားမမျှဖြစ်နေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန် ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ပင်လယ်စာ ခုံးရှာဖွေသည့်လုပ်ငန်းလုပ်ကိုင်သည့် စက်လှေအစီးရေ ၁၂၀ ထိရှိကြောင်း၊ အဆိုပါ ရေလုပ်သားများရှာဖွေသည့် ခုံးများကို ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး စားသုံးနိုင်သည့်အဆင့်ထိ စနစ်တကျလုပ်ဆောင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ခုံးအသား တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိပေါက်ဈေးရှိနေကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဖိလစ်ပိုင်မှာ ကြက်သွန်စျေးက အသားစျေးထက် ပိုကြီးနေတာ ဘာကြောင့်လဲ..



https://greenwaymyanmar.com

ဖိလစ်ပိုင်နိုင်ငံမှာ ကြက်သွန်နီစျေးတွေ မိုးထိုးတက်နေတာကြောင့် စိုက်ပျိုးရေးအာဏာပိုင်တွေက မတတ်သာတဲ့အဆုံး မတ်လမတိုင်ခင် ကြက်သွန် တန်ချိန် ၂၂၀၀၀ ဝန်းကျင်တင်သွင်းပြီး ပြည်တွင်းရောင်းအားပြတ်လပ်မှုနဲ့ စျေးမြင့်တက်မှုကို ထိန်းချုပ်ဖြေရှင်းသွားဖို့ ပြီးခဲ့တဲ့ သီတင်းပတ်အားလပ်ရက်မှာ ထုတ်ပြန်ကြေညာလိုက်ရပါတယ်။

ကြက်သွန်နီဟာ အရှေ့တောင်အာရှနိုင်ငံ ဖိလစ်ပိုင်ဟင်းလျာတွေမှာ မပါမဖြစ် အမယ်တစ်မျိုးဖြစ်ပြီး ရုံဖန်ရံခါ ကြက်သွန်ဖြူ ရောနှောထည့်သွင်း ချက်ပြုတ်လေ့ရှိပါတယ်။ နိုင်ငံရဲ့ လစဉ် ကြက်သွန်နီလိုအပ်ချက်ဟာ တန်ချိန် ၁၇၀၀၀ ဝန်းကျင်ရှိပါတယ်။

ဒါပေမဲ့ ဇန်နဝါရီလ ၉ ရက် တနင်္လာနေ့က ဖိလစ်ပိုင်ပြည်တွင်း ကြက်သွန်နီ (အဖြူမျိုး/အနီမျိုး) စျေးတွေဟာ တစ်ကီလိုဂရမ်ကို ၆၀၀ ပီဆို (၁၀ ဒသမ ၈၈ ဒေါ်လာ) အထိ တစ်နည်းအားဖြင့် တစ်ပေါင်ကို ငါးဒေါ်လာနှုန်းအထိ ပေါက်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက မှတ်တမ်းတင်ထားတဲ့ မနီလာစျေးကွက်ပေါက်စျေးတွေအရ သိရပါတယ်။

ဒီနှစ်စျေးနှုန်းဟာ ကြက်သားစျေးထက် သုံးဆပိုများပြီး ဝက်သားနဲ့အမဲသားစျေးထက် ၂၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ ပိုများနေတယ်လို့ ဝန်ကြီးဌာနရဲ့ စျေးနှုန်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ကြက်သွန်နီတစ်ကီလိုစျေးနှုန်းဟာ ဖိလစ်ပိုင်နိုင်ငံ တစ်ရက်စာ အခြေခံလုပ်ခလစာထက် ပိုမိုကြီးမြင့်နေပါတယ်။

### ကြက်သွန်နီစျေး ဘာကြောင့်တက်

ဖိလစ်ပိုင်ဥပဒေပြုအမတ်တွေဟာ ကြက်သွန်စျေးကြီးမြင့်စေတဲ့အကြောင်းရင်းကို စုံစမ်းစစ်ဆေးလို့နေကြပါတယ်။ ဒီလိုစျေးတက်လာရခြင်းအတွက် စိုက်ပျိုးရေးအတွင်းဝန်အဖြစ်ပါ တာဝန်ယူထားတဲ့ ဖိလစ်ပိုင်သမ္မတ ဖာနန်ဒိုမားကို့စ် ဂျူနီယာမှာ “အဓိကတာဝန်ရှိတယ်” လို့ အမတ်တွေက အခိုင်အမာ ယုံကြည်ထားကြပါတယ်။

စျေးနှုန်းမြင့်တက်မှုရဲ့ အကြောင်းရင်းခံတစ်ချို့ကတော့ ဖိလစ်ပိုင်ဘက်က ထိန်းချုပ်လို့မရတဲ့အရာတွေပါ။ ရုရှား-ယူကရိန်းစစ်ပွဲ၊ ကုန်စီးဆင်းမှုကွင်းဆက်ပြတ်တောက်တာနဲ့ ဆိုးရွားပြင်းထန်တဲ့ရာသီဥတုတွေကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာ ကုန်စည်စျေးနှုန်းမြင့်တက်တာက နေရာအနှံ့မှာရှိတဲ့ စားသောက်ကုန်စျေးတွေအပေါ် ရိုက်ခတ်ခဲ့ပါတယ်။ ဖိလစ်ပိုင်မှာလည်း ကုန်စျေးနှုန်းမြင့်တက်မှုဟာ ဒီဇင်ဘာလအတွင်းမှာ ၁၄ နှစ်တာအတွင်း အမြင့်ဆုံးအထိ စံချိန်တင် ရောက်ရှိခဲ့ပါတယ်။ ကုန်စည်စျေးတွေ ၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့တဲ့အနက် ကြက်သွန်နီစျေးက ရာခိုင်နှုန်းမှတ် (percentage point) သုည ဒသမ ၃ ပါဝင်ခဲ့တယ်လို့ National Statistician Dennis Mapa စာရင်းအင်းအဖွဲ့က ဇန်နဝါရီ ၅ ရက်နေ့မှာ ထုတ်ပြန်ပါတယ်။

ဒါပေမဲ့ ကြက်သွန်စျေးတက်တာဟာ ကုန်စျေးနှုန်းကြီးမြင့်မှုကြောင့်ချည်းတော့ မဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းတွေကတော့ အရင်နှစ်ကတည်းက သတိအတန်တန်ပေးထားရက်နဲ့ တိကျတဲ့ကြက်သွန်ရောင်းလိုအား ခန့်မှန်းချက်ပြုလုပ်ဖို့ ပျက်ကွက်ခဲ့တဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနကို အပြစ်တင်ပါတယ်။ ကြက်သွန်ရောင်းကုန် ပြတ်လာနိုင်ခြေရှိကြောင်းကို တစ်ကီလို ၁၄၀ ပီဆို (၂ ဒသမ ၅၄ ဒေါ်လာ) လောက် အများဆုံးရှိခဲ့စဉ် ယခင်နှစ် ဩဂုတ်လလောက်ကတည်းက စိုက်ပျိုးရေးဌာန တာဝန်ရှိသူတွေကို သတိပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနက လက်ရှိရောင်းအားနဲ့တင် လုံလောက်မယ်လို့ဆိုပြီး ကြက်သွန်မတင်သွင်းဘဲ တင်းခံနေခဲ့ပါတယ်။ အဲဒီတုန်းက အားလပ်ရက်ရာသီရောက်ရင် ကြက်သွန်စားသုံးအား မြင့်တက်လာမှာ ဖိလစ်ပိုင်တောင်သူတွေက သတိပေးခဲ့ပါသေးတယ်။

စိုက်ပျိုးရေးဌာနတာဝန်ရှိသူတွေကတော့ ကြက်သွန်နီစျေး ကစားတာလိုမျိုး အခြားပြည်တွင်းကိစ္စရပ်တွေကြောင့်လည်း ကြက်သွန်စျေးတွေ မိုးထိုးလာတာလို့ သံသယရှိနေကြပါတယ်။ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုက ဥပဒေကို ချိုးဖောက်ကာ ကြက်သွန်ပမာဏများစွာ လှောင်ထားတယ်လို့ ဌာနကယုံကြည်နေပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်နေတယ်လို့လည်း ဆိုပါတယ်။

**အစိုးရရဲ့ တုံ့ပြန်မှု**

ဒီဇင်ဘာလ ၃၀ ရက်မှာ ဖိလစ်ပိုင်ကုန်သွယ်ရေးဝန်ကြီးဌာနဟာ ကြက်သွန်လက်လီဈေးကို တစ်ကီလို ၂၅၀ ပီဆို (၄ ဒသမ ၅၃ ဒေါ်လာ) နှုန်းထက်မပိုစေဘဲ အရောင်းအဝယ်ပြုလုပ်ဖို့ သမ္မတအမိန့်နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ကုန်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်နှုန်းထားထက် ပိုရောင်းသူတွေကို ပြစ်ဒဏ်ချမှတ်သွားမယ်လို့ဆိုပေမယ့် ဥပဒေသက်ရောက်ဖို့တော့ မလွယ်ကူပါဘူး။ အမြင့်ဆုံးဈေးနှုန်းကို သတ်မှတ်ထားပေမယ့်လည်း ကြက်သွန်ဈေးက ကြီးမြင့်နေဆဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်း အကောက်ခွန်အာဏာပိုင်တွေဟာ မုန့်ပုံးတွေထဲထည့်ကာ မှောင်ခိုတင်သွင်းလာတဲ့ ကြက်သွန်နီ (အနီမျိုး) ဒေါ်လာ ၃၆၂၀၀၀ ဖိုးနဲ့ အဝတ်အထည်ကွန်တိန်နာတွေထဲမှာ ထည့်သွင်းသယ်ဆောင်လာတဲ့ ကြက်သွန်နီ (အဖြူမျိုး) ဒေါ်လာ ၃၀၉၀၀၀ ဖိုး ဖမ်းဆီးရမိခဲ့ပါတယ်။

သမ္မတမားကို့စ်က အစိုးရအနေနဲ့ဖမ်းမိထားတဲ့ ခိုးသွင်းကြက်သွန်တွေကို ဥပဒေနဲ့အညီ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပြီး ကုန်ပြတ်လပ်မှုကိုဖြေရှင်းဖို့ နည်းလမ်းရှာဖွေနေတယ်လို့ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ပြောဆိုပါတယ်။ ဒါပေမယ့် ခိုးသွင်းကြက်သွန်အချို့ဟာ အရည်အသွေးမမီဘဲ စားသုံးဖို့မသင့်တော်ဘူးလို့ သိရပါတယ်။ အဲဒီကြက်သွန်တွေထဲ ဘက်တီးရီးယားပိုးတွေနဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းတွေတွေ့ရှိတာကြောင့် စွန့်ပစ်ရလိမ့်မယ်လို့ ပြည်တွင်းသတင်းဌာနတစ်ခုဖြစ်တဲ့ GMA က ရေးသားထားပါတယ်။

စိုက်ပျိုးရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် Rex Estoperez က လောလောလတ်လတ် ကြေညာထားတဲ့ ကြက်သွန်တင်သွင်းခွင့်ဟာ ယာယီဖြေရှင်းချက်တစ်ခုသာဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ပထမပတ်မတိုင်ခင် ရောင်းကုန်သစ်တွေ ဈေးကွက်ထဲဝင်ရောက်လာတော့မှာဖြစ်ပြီး ဒီနောက် မတ်နဲ့မေလကြားမှာ ပြည်တွင်းကြက်သွန် လှိုင်လှိုင်ပေါ်တော့မှာ ဖြစ်ကြောင်း Bloomberg သတင်းဌာနနဲ့ တွေ့ဆုံစဉ် ပြောဆိုပါတယ်။

ဖိလစ်ပိုင်ဟာ မကြာသေးခင်က တရုတ်နိုင်ငံနဲ့စိုက်ပျိုးရေး၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။ အဲဒီပူးပေါင်းဆောင်ရွက်မှုမှာ ကြက်သွန်နီတင်သွင်းရေး ပါဝင်ခြင်းရှိမရှိကိုတော့ မသိရသေးပါဘူး။

**Source: In the Philippines, Onions Are Now More Expensive Than Meat. Here's Why – TIME**

https://greenwaymyanmar.com/posts/Phillippines_Onion_Market

## STOCK EXCHANGE (18.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 438 (Shares) | 1,450,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 0 | 0 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 2 | 6,600 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 231 | 438,900 | 24,720,530 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 205 | 1,004,500 | 10,497,598 | 51,438 |

## Market summary

As of 18th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.96 | -1.12 | -0.29% | 387.96 | 387.96 | 387.96 | 438 | 1,450,000 | 7 | 674,905 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 438 (Shares) | 1,450,000 (MMK) |

### Main Board

As of 1:00 pm, 18th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 438 (Shares) | 1,450,000 (MMK) |

| MYANPIX | 387.96 ▼ 1.12 |
|---|---|
| Total Volume (shares) | 438 |
| Total Value (MMK) | 1 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,905 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |